# 第 3 課　志望動機を教えてください

## 目標

အင်တာဗျူးမှာ ဆိုင်မှာအလုပ်လုပ်ချင်ရတဲ့ဆန္ဒတွေ

မိမိနဲ့ကိုက်ညီတဲ့အလုပ်ဆိုင်းတွေနဲ့ပတ်သက်ပြီးပြောနိုင်မယ်။

## 会話

ဂျုန်း　　: မင်္ဂလာပါ။ ကျွန်တော်နာမည် ဂျုန်း လို့ခေါ်ပါတယ်။ တွေ့ရတာဝမ်းသာပါတယ်။

ဆိုင်မန်နေဂျာ　: ဂျုန်းလို့ခေါ်တယ်နော်။ ဟုတ်ကဲ့။ အလုပ်လုပ်ချင်ရတဲ့အကြောင်းကိုပြောပေးပါ။

ဂျုန်း　　: ဟုတ်ကဲ့။ အကြောင်းပြချက်ကတော့၂ခုရှိပါတယ်။ တစ်ခုက ပထမ(၁)ခုက “စတိုးဆိုင်အလုပ်က ဂျပန်စာလေ့ကျင့်ရာမှာအထောက်အကူရှိစေတယ်။” ကြားဖူးလို့ပါ။ ဒုတိယ(၁)ခုကတော့ အရင်က ဒီဆိုင်မှာဈေးဝယ်တုန်းကဆိုင်ဝန်ထမ်းကပြောတာကဝန်ထမ်းတွေအပေါ် ကြင်ကြင်နာနာဆက်ဆံတယ်လို့ကြားလို့ပါ။ အဲ့ဒါကြောင့်ဒီမှာအလုပ်လုပ်ချင်တာပါ။

ဆိုင်မန်နေဂျာ　: ဟုတ်လား။ အချိန်ပိုင်းအလုပ်လုပ်ဖူးတဲ့အတွေ့အကြုံရှိလား။

ဂျုန်း　　: ဟုတ်ကဲ့။ စက်ရုံမှာ(၁)နှစ်အလုပ်လုပ်ဖူးပါတယ်။

ဆိုင်မန်နေဂျာ　: ဟုတ်လား။ အလုပ်လုပ်ချင်တဲ့ နေ့ရက်နဲ့အချိန်ကောရှိလား။

ဂျုန်း　　: ဟုတ်ကဲ့။နေ့ရက်ကတော့ဘယ်နေ့ဖြစ်ဖြစ်ရပါပေမယ့်ကြားရက်ရဲ့ညနေပိုင်းကို တစ်ပတ်(၄)ရက်လုပ်ချင်ပါတယ်။

ဆိုင်မန်နေဂျာ　: သဘောပေါက်ပါပြီ။ အင်တာဗျူးရလဒ်ကို နောက်ရက်မှာဖုန်းနဲ့ဆက်သွယ်မှာမို့လို့ အဲ့ဒီအချိန်အထိစောင့်ပေးပါ။ ဒီနေ့အတွက်ကျေးဇူးတင်ပါတယ်။

ဂျုန်း　　: ကျေးဇူးတင်ပါတယ်။ ကူညီပါအုံးခင်ဗျာ။

## ことば

志望動機 လုံ့ဆော်မှု　以前 မတိုင်ခင်က　勤務 အလုပ်

希望曜日 ဆန္ဒရှိသောနေ့ရက်　希望時間帯 ဆန္ဒရှိသောအချိန်

かまいません ကိစ္စမရှိပါဘူး　平日 ကြားရက်များ(တနင်္လာနေ့မှသောကြာ)

週～日 ၁ပတ်~ရက်　面接 အင်တာဗျူး　結果 ရလာဒ်　後日 နောက်နေ့

本日 ယနေ့　先輩 စီနီယာ　接客方法 ဈေးဝယ်သူနှင့်ဆက်ဆံရန်နည်းလမ်း

学ぶ သင်ကြားသည်။　週末 တစ်ပါတ်တာ၏နောက်ဆုံးရက်

数 အရေအတွက်　来日 လာမယ့်ရက်　履歴書 ကိုယ်ရေးအကျဉ်း

文房具店 စာရေးကိရိယာဆိုင်　直前 ခုလေးတင်　日付 နေ့ရက်

正面 ရှေ့မျက်နှာပြင်　向く ~ဘက်သို့လှည့်သည်　清潔感 သန့်ရှင်းမှု

氏名 အမည်　学歴 ပညာရေးသမိုင်း　職歴 အလုပ်သမိုင်း

語学 ဘာသာစကား　資格 အောင်လက်မှတ်　免許 ကားမောင်းလိုင်စင်

アピールポイント မိမိ၏ကောင်းကွက်အချက်

## コラム

### p.49　袋に詰めるものは？

စတိုးဆိုင်ကဝန်ထမ်းကဈေးဝယ်သူကိုပေးတဲ့ဝန်ဆောင်မှုလို့ဆိုလိုက်ရင်ဘယ်လိုကိစ္စမျိုးကိုပြေးမြင်လိုက်ပါသလဲ။ ဈေးဝယ်သူရဲ့တောင်းဆိုချက်ကိုသေချာစွာနဲ့အမြန်ဆုံး လုပ်ပေးတယ်ဆိုတာကတော့သေချာပေါက်အရေးကြီးပါတယ်။ ယဉ်ကျေးသိမ်မွေ့တဲ့ နှုတ်ဆက်တာတွေ၊ အပြုံးချိုချိုလေးတွေလည်း ဝန်ဆောင်မှုပေးတယ်လို့ပြောလို့ရပါတယ်။

ဒါပေမယ့် အဲ့ဒါတွေတင်မကပါဘူး။ ဂျပန်နိုင်ငံကစတိုးဆိုင်တွေမှာ kikubari လို့ဆိုတဲ့ “အမှားသေးသေးလေးတောင်မရှိအောင်ဂရုပြုခြင်း” ဆိုတာကလဲ ဆားဗစ် တစ်ခုအနေနဲ့ရှိနေပါတယ်။ Kikubari ဆိုတာကတော့ တဖက်သားအတွက် အသေးစိတ်ကစပြီးအမျိုးမျိုးကို

အများအယွင်းမရှိအောင်ဂရုစိုက်ပေးခြင်းပဲဖြစ်ပါတယ်။ ပါးစပ်ကနေထုတ်မပြောတဲ့အရာတွေ အများကြီးရှိနေလို့နားလည်ရခက်မယ်လို့ထင်ပါတယ်။ ဥပမာ၊ ဈေးဝယ်သူရဲ့ပစ္စည်းတွေကို အိပ်ထဲထည့်တဲ့အခါမှာ “ပါမုန့်ရယ် ထမင်းဆုပ်လိုမျိုး ပျော့ပြောင်းတဲ့အရာတွေကို ပုံစံမပျက်အောင် နောက်ဆုံးမှထည့်တာမျိုး” “ပူတဲ့အစားအသောက်တွေနဲ့အေးတဲ့အစားအသောက်တွေကို အတူတူမထည့်တာ” မျိုးတွေ စည်းကမ်းတွေရှိပါတယ်။ ပြီးတဲ့နောက်မှာ ဈေးဝယ်သူကအိပ်ကိုမတဲ့အခါမှာ “ပုံစံမပျက်စေဖို့ထည့်ပေးတာမျိုး”ကအလွန်အရေးကြီးတဲ့အချက် ဖြစ်ပါတယ်။ အကယ်၍ ဘယ်လိုလုပ်ရင်ကောင်းမလဲဆိုတာမသိတဲ့အခါ၊မျိုးမှာ ဈေးဝယ်သူကို “ဒါနဲ့ဒါလေးကအတူတူထည့်လို့ရမလားခင်ဗျာ၊ ရှင်” လို့ဆိုပြီးမေးကြရအောင်။ မေးမြန်းတယ်ဆိုတာလဲပဲ “kikubari” လုပ်တာပဲဖြစ်ပါတယ်။ အထက်ပါအတိုင်းပဲ ဂျပန်နိုင်ငံက စတိုးဆိုင်တွေရဲ့အိပ်တွေထဲမှာ “Kikubari”တွေအများကြီးထည့်ထားတာဖြစ်ပါတယ်။